# Report

To - Program Development and Management Committee

For – BILIN Township Assessment Trip

By – Emergency Response Team

Date – 1.9.2013 (MON)

မာတိကာ

၁ ။ ERT အဖွဲ့ဝင်များ

၂ ။ ခရီးစဉ်အကျဉ်း

၃ ။ ရေကြီးနစ်မြုပ်ရသောအကြောင်းအရင်း

၄ ။ လေ့လာတွေ့ရှိချက်များ

၅ ။ ပူးပေါင်းဆောင်ရွက်မှု  COORPORATION

၆။ ရေသန့်ဆေးထုတ်များပေးဝေခဲ့မှုစာရင်း

၇ ။ ERT ၏ မှတ်ချက်

၈ ။ ပူးတွဲ ဓါတ်ပုံများ

၉ ။ ပူးတွဲ ပေးစာများ

## ၁။ Emergency Response Team အဖွဲ့ဝင်များ

- ဦးမောင်မောင်ကျော်ငြိမ်း
- ဦးစည်သူ
- ဦးအယ်ဘာလုဒို
- ဒေါ်ဇင်မော်ဦး
- 

## ၂။ ခရီးစဉ်အကျဉ်း

- ၂၃.၈.၂၀၁၃ ရန်ကုန်မှစထွက်ခွာ (ဘီးလင်းသို့)
- ၂၄.၈.၂၀၁၃ မြို့နယ်ဒုဦးစီးနှင့်တွေ့ဆုံ၊မြို့ပေါ်ရှိရေကြီးသောရပ်ကွက်များအားသွားရောက်စာရင်းယူ
- ၂၅.၈.၂၀၁၃ မြို့နယ်အတွင်းရေကြီးနစ်မြုပ်သောကျေးရွာများသို့သွားရောက်စာရင်းယူ
- ၂၆.၈.၂၀၁၃ ရရှိသောသတင်းအချက်အလက်များပြန်လည်စုစည်းခြင်း
- ၂၇.၈.၂၀၁၃ ရန်ကုန်သို့ပြန်
- 

## ၃။ ရေကြီးနစ်မြုပ်ရသောအကြောင်းရင်း

- မွန်ပြည်နယ်ဘီးလင်းမြို့နှင့်အနီးအနားရှိ ကျေးရွာအချို့တို့သည် ဘီးလင်းချောင်း၏ ကမ်းနဖူးပေါ်တွင် တည်ရှိပါသည်။ ၎င်းဘီးလင်းချောင်းမြစ်ဖျားခံရာတောင်များတွင် ရွှေကျင်သည့်လုပ်ငန်းများကို လုပ်ကိုင်လျှက်ရှိကြသည်။ ထိုလုပ်ငန်းများကြောင့် မြေသားများစွာထွက်ရှိပြီး ၎င်းမြေသားများ သည်မိုးရေနှင့်အတူ ဘီးလင်းချောင်းထဲသို့စီးဆင်းသွားသောကြောင့် ချောင်းမှာတနှစ်ထက်တစ်နှစ် တိမ်ကောလာပါသည်။ ထို့ကြောင်းမိုးသည်းထန်စွာ ရွာသောကာလများတွင် ရေများသည် မြစ်မထဲသို့စီးဆင်းမနိုင်ဘဲ ချောင်းကမ်းနဖူးရှိလူနေအိမ်များနှင့် စိုက်ခင်းများကိုရေလွှမ်းမိုးမှု ဖြစ်ပေါ်စေပါသည်။ အထူးသဖြင့်လပြည့်၊လကွယ်ရက်များတွင် ဒီရေတက်ခြင်းနှင့် တိုက်ဆိုင်သွားပါက အန္တရယ်ပိုကြီးစေပါသည်။ ယခင်နှစ်များတွင်တစ်ကြိမ်သာရေကြီး သော်လည်း ယခုနှစ်တွင် နှစ်ကြိမ်တိုင်ခံစားရပါသည်။

## ၄။ လေ့လာတွေ့ရှိချက်များ

**-၂၄.၈.၂၀၁၃**

ရေကြီးနစ်မြုပ်မှုကိုခံရသောမြို့ပေါ်ရပ်ကွက်အချို့ရှိပါသည်။

ကန်သာယာရပ်ကွက်

ကန်သာယာရပ်ကွက်အတွင်းရှိ လူနေအိမ်အချို့သည်ရေလွှမ်းမိုးမှုကိုခံရသောကြောင့် ၄င်းအိမ်ထောင်စုများသည် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ အစီအစဉ်ဖြင့်နီးစပ်ရာ စာသင်းကျောင်းသို့ရွှေပြောင်းနေထိုင်ရပါသည်။ အချို့သည် စာသင်ကျောင်းသို့ မလာဘဲ၊ ဘဲနီးစပ်ရာဆွေမျိုးနေအိမ်များသို့သွားရောက်ခိုလှုံသောမိသားစုများ လည်းရှိပါသည်။ သို့ရာတွင်ရေကြီးပြီး (၂) ရက် ၊ (၃) ရက်အကြာတွင်ရေပြန်လည်ကျသွားသောကြောင့်မိမိတို့ နေအိမ်များသို့ ပြန်သွားကြပြီဖြစ်သည်။ ERT team ရောက်ရှိသွားချိန်တွင် မိသားစု (၃) စုသာကျန်တော့ပြီး အိမ်ပြန်ရန်အတွက် အထုတ်အပိုးများပြင်ဆင်ပြီးဖြစ်ပါသည်။ ခိုလှုံရာနေရာတွင်နေထိုင်စဉ် (၃)ရက်အတွင်းတွင် မြို့ပေါ်အခြားရပ်ကွက်များ၊ NLD ပါတီနှင့် လူမှုရေးအဖွဲ့များမှ ထမင်းထုတ်ပို့များပေးပို့ခဲ့ပြီး ကျန်းမာရေးဌာနမှ လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများကို ပေးခဲ့ပါသည်။

ဘိုးလှကြီးရပ်ကွက်

ဘိုးလှကြီးရပ်ကွက်တွင် ရေဘေးရှောင်ခိုလှုံရာနေရာ (၂)နေရာရှိပါသည်။ တစ်ခုမှာ ပိန္နဲတောပရိယတ္တိစာသင်တိုက်တွင်ဖြစ်ပြီး နောက်တစ်ခုမှာ ကပ်လျှက်ရှိသော အမကကျောင်းတွင်ဖြစ်သည်။ စုစုပေါင်းရေဘေး ရှောင်မိသားစု စုစုပေါင်း (၁၅)စုရှိပြီး၊ ဘုန်းကြီးကျောင်းတွင်(၆)အိမ်ထောင်နှင့် စာသင်ကျောင်းတွင် (၉)အိမ် ထောင်ရှိပါသည်။ နှစ်စဉ်ရေကြီးသော အလေ့အထ ရှိပြီး ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ထားလေ့ရှိပါသည်။ ရေကြီးခြင်းဖြင့် နေအိမ်များရေမြုပ်ပြီး နေထိုင်၍မရသောကြောင့်သာ ပြောင်းရွှေ့လာရခြင်းဖြစ်ပြီး နေအိမ်ပျက်စီးဆုံးရှုံးမှုမရှိပါ။ ရေပြန်ကျသွားသော အခါ နေအိမ်များကို ရေဖြင့်ပြန်ဆေးချ၍ အိမ်များခြောက် သွားလျှင် ပြန်လည်ပြောင်းရွှေ့နေထိုင်ကြပါသည်။ ERT Team ရောက်ရှိသွားချိန်တွင် စာသင်ကျောင်းမှ မိသားစုများသည် မိမိနေအိမ်များသို့ ပြန်သွားကြပြီဖြစ်ပြီး၊ ဘုန်းကြီးကျောင်းတွင်ခိုလှုံနေသော မိသားစု (၆)စုသာကျန်တော့သဖြင့် ထိုမိသားစုများနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။ ကျန်ရှိနေသော မိသားစု (၆)စုမှာ နေအိမ်ကိုရေဆေးပြီးဖြစ် သော်လည်း အိမ်မခြောက်သေးသောကြောင့် စောင့်ဆိုင်းနေရခြင်းဖြစ်ပြီး၊ ထိုညနေမှာပင် မိမိနေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ကြမည်ဖြစ်သည်။ ရေဘေးရှောင် ပြည်သူများသည် ကျပန်းလုပ်ကိုင်စားသောက်သူများ ဖြစ်ကြပြီး ရေကြီးခြင်းကြောင့် သိသာထင်ရှားသော ထိခိုက်ဆုံးရှုံးမှုများမရှိပါ။ မြို့ပေါ်ရပ်ကွက်ဖြစ် သောကြောင့် လယ်ယာလုပ်ကိုင်ခြင်း၊ ဥယျာဉ်ခြံမြေ ပိုင်ဆိုင်ထားခြင်းများလည်းမရှိပါ။ လက်လုပ်လက်စားများအဖြစ်လုပ်ကိုင်ကြရပြီး အုတ်ရိုက်အလုပ်သမားများ၊ ကောက်စိုက်သမားများ ရာသီပေါ်အလုပ်များကို လုပ်ကိုင်ကြရသည်။ ရာသီခွင်ပြ ပြက္ခဒိန်အရ ယခုရာသီသည် လက်လုပ်လက်စားများအတွက် အလုပ်အကိုင်အခွင့်အလမ်းရှားပါးသောရာသီဖြစ်ပြီး ဝင်ငွေနည်းပါးသော အချိန်ဖြစ်သည့်အတွက် ရေမကြီးလျှင်လည်း ခက်ခဲသောအခြေအနေဖြစ်သည်။ ယခုကဲ့သို့ရေကြီးသောကြောင့် မိမိတို့လုပ်ဆောင်နေကြဖြစ်သောအလုပ်များကိုပင်မလုပ်နိုင်သောကြောင့် ဝင်ငွေလုံးဝမရရှိတော့ပေ။ ထို့ကြောင့် နီးစပ်ရာ ဈေးဆိုင်များ၊ အိမ်နည်းပါးခြင်းများထံမှ ငွေချေးခြင်း၊ အကြွေးယူခြင်းများပြုလုပ်ရပြီး

ရေကျ၍ လုပ်ငန်းကိုင်ငန်းများပြန်လည် ရရှိလာသောအချိန်တွင်မှ ထိုချေးငွေ၊ အကြွေးများကို ပြန်လည်ပေးဆပ်ရမည် ဖြစ်ကြောင်းသိရှိရပါသည်။ အိမ်ထောင်စုများသည် ကလေးများကြပြီး မိဘနှစ်ပါးစလုံးအလုပ်လုပ်ကြရသည်။ ကလေးများသည် ကလေးအချင်းချင်းပြန်လုန်ထိန်းကြောင်းပြီးနေကြရသည်။ အချို့ကလေးများသည် အိမ်တွင် မိဘကူရန်အတွက် ကျောင်းမနေနိုင်ကြပါ။ အိမ်ထောင်စုများသည် ယင်လုံအိမ်သာသုံးစွဲသောအလေ့အထရှိပါ သည်။ ယခုရေလွှမ်းမိုးမှုဖြစ်သွားသောကြောင့် အိမ်သာများလည်း အသုံးပြုနိုင်ခြင်းမရှိတော့သောကြောင့် ရေမမြုပ်ပဲ အသုံးပြုနိုင်သော အိမ်သာများသို့သွားရောက်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဘိုးရာဇာရပ်ကွက်

ဘိုးရာဇာရပ်ကွက် ဘုန်းတော်ကြီးကျောင်းတွင် ရေဘေးရှောင်ပြည်သူ ၆၂ အိမ်ထောင်လူဦးရေ ၂၃၉ ဦး ခိုလှုံလျှက်ရှိသော်လည်း ERT team ရောက်ရှိသွားချိန်တွင် အိမ်ထောင်စု (၈)စုသည် မိမိတို့နေအိမ် သို့ပြန်သွားကြပြီဖြစ်ပြီး ၅၄အိမ်ထောင်ကျန်ရှိနေသေးသည်။ ထိုအိမ်ထောင်စုများသည်လည်း မိမိတို့ နေအိမ်များမှာ ရေလွတ်နေပြီဖြစ် သဖြင့် နေအိမ်များသွားရောက်ဆေးကြောနေပြီဖြစ်သည်။ ထို့ကြောင့် နောက်နေ့လောက်တွင် အိမ်ပြန်ကြမည် ဖြစ်သည်။ ခိုလှုံရာနေရာတွင် နေနေစဉ်အတွင်း အခြားရပ်ကွက်များမှ အလှူရှင်များ၊ လူမှုရေးအဖွဲ့များမှ ပို့ပေး သောထမင်းထုပ်များ ရရှိခဲ့ပြီး၊ မြို့နယ်မှထောက်ပံ့ပေးသော ဆန်ကို ရရှိခဲ့ပါသည်။ ရေဘေးသင့်သူများသည် ကျပန်းအလုပ်သမားများဖြစ်ကြပြီး ခဲကျင်ခြင်း၊ ကောက်စိုက်ခြင်း၊ ကောက် ရိတ်ခြင်း နှင့် ဈေးရောင်းခြင်းများဖြင့် အသက်မွေးဝမ်းကြောင်းကြသူများဖြစ်ကြသည်။ ယခုရာသီသည် ပုံမှန်အားဖြင့် အလုပ်အကိုင်ရှားပါးပြီး ဝင်ငွေ နည်းပါးသော အချိန်ဖြစ်ပါသည်။ ရေကြီးမှုကြောင့် ပုံမှန်လုပ်ဆောင်နေသော အလုပ်များကို လုပ်ကိုင်နိုင်ခြင်း မရှိတော့သောကြောင့် ဝင်ငွေလုံးဝမရှိတော့ဘဲ အလှူရှင်များမှပို့ပေးသော ထမင်းထုပ်ကိုသာအားထားပြီးစား သောက်နေရပါသည်။ လိုအပ်ချက်များရှိပါက ငွေချေးခြင်း၊ ဈေးဆိုင်းများတွင် အကြွေးယူခြင်းများပြုလုပ်ရပြီး ရေ ပြန်ကျသွားပြီး လုပ်ငန်းများပြန်လုပ်နိုင်လျှင်မှ တဖြေးဖြေးပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင့် သိရှိရပါသည်။

ဆရာစံရပ်ကွက်

ဆရာစံရပ်ကွက်တွင် ရေဘေးရှောင်ပြည်သူများအတွက် ခိုလှုံရာနေရာ ကိုးနဂင်းကျောင်း၊ မြောက်ကျောင်းကြီးကျောင်း၊ စကားဂါကျောင်း၊ ရွှေဘုံသာကျောင်း နှင့် ဇှက်ပျောတောကျောင်းများတွင် နေရာ ချထားပြီး အိမ်ထောင်စု စုစုပေါင်း (၅၂)စု ရှိပါသည်။ ERT Team ရောက်ရှိသွားသည့် ၂၄.၈.၁၃ တွင် စကားဂါ နှင့် ဇှက်ပျောတောတို့တွင်ခိုလှုံနေသော မိသားစုများသည် မိမိတို့အိမ်သို့ပြန်သွားကြပြီးဖြစ်ပြီး

ကိုးနဂင်းကျောင်း၊ မြောက်ကျောင်းကြီးနှင့် ရွှေဘုံသာကျောင်းတို့တွင် စုစုပေါင်း မိသားစု ၂၂ စု သာ ကျန်တော့ပြီး ထိုအိမ်ထောင်စု များသည်လည်း ၂၄.၈.၁၃ ညနေတွင် မိမိတို့အိမ်များသို့ပြန်ကြမည်ဖြစ်သောကြောင့် မြို့နယ်မှချပေးသော ဆန် ခွဲတမ်းများကို လာရောက်ထုတ်ယူနေကြပြီဖြစ်သည်။ ဆရာစံရပ်ကွက်တွင် လယ်သမား၄၉ဦးသည် လယ်ပိုင်ဆိုင်မှုရှိပြီး ၃ ဦးမှာ လယ်ယာမြေပိုင်ဆိုင်မှု အငြင်းပွားမှုများရှိနေသောကြောင့် လယ်လုပ်ခွင့် မရသေးပါ။ လယ်သမားတစ်ဦးလျှင် လယ်ဧက ၂ဧက၊ ၃ဧကသာ ပိုင်ဆိုင်ကြသည်။ ယခုတွင် လယ်ကွင်းများသည် ရေမြုပ်နေသေးသောကြောင့် ကွင်းအခြေအနေကို မသိနိုင်သေးကြောင်း၊ ယခုအကြိမ် သည် ဒုတိယအကြိမ်ပြန်စိုက်ခြင်းဖြစ်ပြီး အမတော်ကြေးထုတ်ချေးထားခြင်းကြောင့် ယခုတစ်ခေါက် စပါးများ သေပါက ပြန်လည်စိုက်ပျိုးနိုင်ရန်မှာ ခက်ခဲကြောင်း၊ စိုက်ခင်းမစိုက်နိုင်တော့ပဲ ကြဲခင်းသာ စိုက်နိုင်တော့မည် ဖြစ် သောကြောင့် ယခုနှစ်သည် လယ်သမားများအတွက် ခက်ခဲသောနှစ်ဖြစ်လာနိုင်ကြောင်းသိရှိခဲ့ရပါသည်။ **အုပ်စုအုပ်ချုပ်ရေးမှူး၏ တင်ပြချက်များအရ ဆရာစံရပ်ကွက်တွင် ကြံစိုက်တောင်သူများရှိပြီး ဘီလင်းသကြား စက်သို့ တင်သွင်းရောင်းချခဲ့ကြသော်လည်း ယမန်နှစ်မှစ၍ ဘီလင်းသကြားစက်မှ ကြံများကို ဂယ်ယူခြင်းမရှိ တော့သောကြောင့် ကြံစိုက်တောင်သူများမှာလည်း ကြံရောင်းချရာနေရာမရှိတော့သောကြောင့် မစိုက်ပျိုးကြ တော့ပါ။ ဘီးလင်းမြစ်ကြောင်းတစ်လျှောက်တွင် ကြံစိုက်ဧက ၃ဂဂဂကျော်လောက်ရှိပြီး ကြံစိုက်တောင်သူ ၆ဂဂ ကျော်ရှိပါသည်။ ဆရာစံရပ်ကွက်တွင် ကြံစိုက်တောင်သူ (၅ဂ)ခန့်ရှိပါသည်။ ယခင်နှစ်တွင် ဘီးလင်းသကြား စက်မှ ကြံဂယ်ယူမှုရပ်ဆိုင်းလိုက်သောကြောင့် တစ်ပိုင်တစ်နိုင် ကြံသကာဖို (၃)ဖိုခန့်တည်ဆောက်ပြီး ကြံများ ကို ဂယ်ယူခဲ့ရသည်။ ယခုတွင် ကြံစိုက်ပျိုးမှု လုံးဂမလုပ်ကြတော့သောကြောင့် ဘီးလင်းမြစ်ရိုးတစ်လျှောက်တွင် ကြံစိုက်ဧက ၃ဂဂဂကျော်မှာ ပလပ်မြေများအဖြစ် ကျန်ရှိနေပြီး ကျန်စိုက်ပျိုးနိုင်သော ခေတ်မှီနည်းပညာများ၊ ငွေအရင်းအနှီးနှင့် ဈေးကွက်ရှာဖွေမှုများလိုအပ်နေကြောင်း တင်ပြလာပါသည်။**

## ၂၅.၈.၂၀၁၃

ရွှေလေ့ကျေးရွာ (လတ္တီတွဒ် - ၁၇.၁၆၃ဂ၈၊ လောင်ဂျီကျွဒ် ဂ၉၇.၂၄၅၅၅)

ရွှေလေ့ကျေးရွာသည် အိမ်ခြေ ၁၂ဂ၄လုံး၊ အိမ်ထောင်စု ၁၂ဂ၉စုနှင့် လူဦးရေ ၆၂ဂ၅ဦး နေထိုင်သော စံပြကျေးရွာ ဖြစ်ပါသည်။ ကျေးရွာ၏ အဓိကအသက်မွေးဂမ်းကြောင်းအနေဖြင့် လယ်လုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်း၊ ထန်းချောဖျာယက်လုပ်ခြင်းနှင့် ပန်းစိုက်ခြင်းများပြုလုပ်ကြသည်။ ရေကြီးမှုကြောင့် အိမ်ထောင်စု ၃၂စုမှ လူဦးရေ ၁၃ဂတို့ကို ခိုလှုံရာနေရာနှစ်ခုတွင် နေရာချထား ပေးခဲ့ရပြီး ERT team ရောက်ရှိသွားချိန်တွင် အိမ်ထောင်စုများသည် မိမိနေအိမ်များသို့ ပြန်လည်နေထိုင်နေကြ ပြီဖြစ်ပါသည်။ ရွှေလေ့တွင် ကျပန်းအနေဖြင့် သစ်စက်အလုပ်သမားများ၊ မြေပဲစက်၊ ကုန်တင်ကုန်ချ၊ သီးစားလုပ်သူများ၊

သူရင်းငှားများနှင့် ပန်းစိုက်တောင်သူများရှိကြသည်။ လယ်ယာမြေပိုင်ဆိုင်မှုအနေဖြင့် ဧက ၁၁၀၀ ခန့်ရှိပြီး ဧက ၃၀၀ကျော်ခန့်ရေနစ်မြုပ်ခဲ့ရသည်။ ယခုအချိန်တွင် ရေသည် လူနေရပ်ကွက်များတွင် မရှိတော့သော်လည်း လယ်ထဲတွင်တော့ ရေများကျန်ရှိနေသေးပြီး ရေမကျနိုင်သေးသောကြောင့် တောင်သူများ စိုးရိမ်သောက ရောက်နေကြရသည်။ ယခုအကြိမ်သည် ဒုတိယအကြိမ်ပြန်စိုက်ရခြင်းဖြစ်သောကြောင့် ယခုတစ် ခေါက် စပါးများသေပါက စိုက်ခင်းစိုက်၍မရဘဲ ကြဲခင်းသာ စိုက်နိုင်တော့မည်ဖြစ်သောကြောင့် စပါးအထွက်နှုန်း များစွာကွာခြားကာ၊ မြေဩဇာဖိုးလည်း များစွာကုန်ကျမည်ဖြစ်ကြောင်းသိရှိရပါသည်။ စိုက်ခင်းအနေဖြင့် ပျမ်းမတစ်ဧကလျှင် တင်း၄၀ခန့်ဖြစ်ပြီး ကြဲခင်းဆိုလျှင် အထွက်နှုန်း သိသိသာသာလျော့နည်းမည်ဖြစ်သည်။

## နင်းပုလဲကျေးရွာ (လတ္တီတွဒ် - ၁၇.၁၈၁၉၈၊ လောင်ဂျီကျွဒ် ၀၉၇.၂၃၈၇၂)

နင်းပုလဲကျေးရွာသည် အစိုးရဝန်ထမ်းများ၊ တောင်သူများ(လယ် နှင့်ကိုင်း)၊ အိုးလုပ်ငန်းလုပ်ကိုင်သူများနှင်ထန်း ချောဖျာယက်လုပ်သည့်လုပ်သည့်လုပ်ငန်းများရှိပါသည်။ ထွက်ရှိလာသော ထွက်ကုန်များသည် ကုန်သည်ပွဲစား များ၏ ဈေးနှိမ်ခြင်းကိုခံရသဖြင့် အကျိုးအမြတ် ရသင့်သလောက်မရပေ။ အလုပ်အကိုင်အခွင့်အလမ်း ရှားပါးသောကြောင့် အခြားအရပ်ဒေသများသို့ အလုပ်သွားရောက်လုပ်ကိုင်ခြင်းများ မြင့်တက်လျှက်ရှိပါသည်။ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများနှင့် စပ်ဆိုင်သော လုပ်ငန်းများကို အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ လေ့လာစမ်းစစ်မှုပုံစံဖြင့် ပူးတွဲတင်ပြထားပါသည်။ နင်းပုလဲရွာမတွင် အိမ်ခြေ ၅၃၇လုံး၊ အိမ်ထောင်စု ၅၃၇စု၊ ဘူတာကျေးရွာတွင် အိမ်ခြေ ၂၁၉အိမ်၊ အိမ်ထောင်စု ၂၁၉စု နှင့် ရေဖြူကန်ကျေးရွာတွင် အိမ်ခြေ ၁၆၈အိမ်၊ အိမ်ထောင်စု ၁၆၄စုရှိပါသည်။

နင်းပုလဲကျေးရွာတွင် ရေကြီးမှုကြောင့် လူနေအိမ် (၅၀)လောက်ရွှေ့ပြောင်းခဲ့ရသော်လည်း သီးသန့်ခိုလှုံရာ နေရာအဖြစ် သတ်မှတ်ထားခြင်းမျိုးမရှိဘဲ မိမိနှင့် နီးစပ်ရာအိမ်များတွင်သာ သွားရောက်ခိုလှုံခဲ့ကြရသည်။ အိမ်ထောင်စု (၂၀)စုခန့်ကို အမက-မြင်းကုန်းနှင့် အလက (၂) တို့သို့ ပြောင်းရွှေ့ပေးခဲ့ရသည်။ ရေကြီးနေစဉ်တွင်လည်း မည်သည့်ထောက်ပံ့မှုမျိုးမှ မရရှိပဲ ရွာ၏ဆက်သွယ်ရေးလမ်းကြောင်းများသည် ကားလမ်းကို ရေကြော်နေသောကြောင့် ပျက်တောက်သွားခဲ့ပြီး၊ ရေပြန်ကျသွားမှသာလျှင် အဆက်အသွယ်များ ပြန်လည်ပြုလုပ်နိုင်ခဲ့ပါသည်။ ခိုလှုံရာနေရာသို့ပြောင်းရွှေ့သွားသော မိသားစု (၂၀)အတွက် အခြားမိသားစုများ မှ တစ်အိမ်လျှင် ထမင်းထုပ် (၁)ထုပ်နှုန်း ကောက်ခံဝေငှခဲ့ရသည်။ ပထမအကြိမ် ရေကြီးစဉ်က လယ်ဧက ၄၅၀ ရှိသည့်အနက် ပျိုးခင်း ၆၃ဧကနှင့် စိုက်ခင်း ၈၆ ဧကပျက်စီးဆုံးရှုံးခဲ့ရသည်။ ပျက်စီးသွားသော ပျိုးခင်းများအတွက် လယ်သမား (၂၅)ဦးအား မျိုးစပါးအဖြစ် တင်း (၆၀)ကို ပြည်ခိုင်ဖြိုးပါတီမှ ပံ့ပိုးပေးခဲ့သည်။ ယခုတွင်မူ လယ်ကွင်းများမှာ ရေများမကျသေးသောကြောင့် ပျက်စီးဆုံးရှုံးမှုပမာဏကို မသိနိုင်သေးပါ။ နောက် ထပ် (၁၀)ရက်ဝန်းကျင်လောက်တွင်မှ ရေကျမည်ဟုခန့်မှန်းထားပြီး ထိုအချိန်တွင်မှ ပျက်စီးဆုံးရှုံးမှုအခြေအနေ

ကို သိရှိနိုင်မည် ဖြစ်ပါသည်။ ထိုအချိန်တွင် ချက်ခြင်းပြန်လည်စိုက်ပျိုးနိုင်ရန်အရေးကြီးကြောင်း သိရှိခဲ့ရပါသည်။ (တော်သလင်းလဆန်းထက် နောက်ကျ၍မရပါ) လယ်များမှာမြေဆီမြေနှစ်နည်းပါးနေသော ကြောင့် ဓါတ်မြေသြဇာများကိုသာ အားပြုနေရသဖြင့် ခေတ်မှီစိုက်ပျိုးနည်းပညာများလိုအပ်လျှက်ရှိပါသည်။

**နင်းပုလဲကျေးရွာ၏ ကျေးရွာအထောက်ကူပြုအဖွဲ့၏ဆွေးနွေးချက်များအရ -**

ဘီးလင်းမြို့နယ်ရှိ ဘိုးလှကြီး၊ နင်းပုလဲ၊ ကန်သာယာ၊ အုတ်ဖို၊ အနိုင်းဖို၊ ရေဖြူကန်ကျေးရွာများနှင့် လယ်မြေဧက စုစုပေါင်း ၂၁၆၂ဧကသည် နှစ်စဉ်ဘီးလင်းမြစ်ရေကြီးခြင်း နှင့် ရင်ဆိုင်နေရပါသည်။ ဘီးလင်းမြစ် ရေသည် ရေတက်လာပြီး ၁ရက်၊ ၂ရက်နှင့် ပြန်ကျသွားသော်လည်း တင်ကျန်နေခဲ့သည့် ရေများသည် (၁၀)ရက်ခန့်ကြာမှသာ ပြန်ကျတက်သဖြင့် လယ်ယာမြေပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေကြောင်းသိရှိရသည်။ ထိုသို့ဖြစ်ရခြင်းမှာ ရေနုတ်မြောင်းများ တိမ်ကောနေသော ကြောင့်ဖြစ်သည်ဟုတင်ပြဆွေးနွေးလာခဲ့ပါသည်။ အကယ်၍

**နင်းပုလဲမှ ပုတ်သင်သို့ ရေနုတ်မြောင်း ၁ခု အရှည် ပေ ၂၀၀၀၊ အကျယ် ၈ပေ၊ အနက် ၆ပေ**

**ဘီးလင်းမှ ပုတ်သင်သို့ ရေနုတ်မြောင်း ၁ခု အရှည် ပေ ၂၀၀၀၊ အကျယ် ၈ပေ၊ အနက် ၆ပေ**

**ရွှေလှေမှ ပုတ်သင်သို့ ရေနုတ်မြောင်း ၁ခု အရှည် ပေ ၂၀၀၀၊ အကျယ် ၈ပေ၊ အနက် ၆ပေ**

တို့ကို ဆယ်ပါက တစ်ခုလျှင် လူအားဖြင့်လုပ်အားခငွေ ၂၈၈၀၀၀၀/-ကျပ်ကုန်ကျမည်ဖြစ်ပြီး ၃ခုစလုံးအတွက် ကုန်ကျငွေစုစုပေါင်း ၈၆၄၀၀၀၀/- ကျပ် ခန့် ကုန်ကျမည်ဖြစ်ပါသည်။ ထိုသို့ပြုပြင်လိုက်ခြင်းကြောင့် ဘီးလင်း မြစ်ရေကြီးမှုသည် ရှိနေမည်ဖြစ်သော်လည်း ရေပြန်ကျချိန်တွင် ရေတင်ကျန်ခဲ့မှုများမရှိတော့ပဲ တူးမြောင်းများမှ တဆင့် ပြန်လည်ကျဆင်းသွားပြီး ရေမဝပ်တော့သောကြောင့် လယ်မြေဧက ၂၁၆၃ ဧကမှာဆုံးရှုံးမှုမရှိနိုင်တော့ ကြောင်းဆွေးနွေးတင်ပြခဲ့ပါသည်။

## ၅။ ပူးပေါင်းဆောင်ရွက်မှု (Coorporation)

MNGO – CP ကိုယ်စား ERT Team အဖွဲ့သည် Assessment လုပ်ငန်းစဉ်များကို ဘီးလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ညှိနှိုင်းပေါင်းစပ်ပေးမှုဖြင့် မြို့ပေါ်ရပ်ကွက်များ၏ သက်ဆိုင်ရာအုပ်ချုပ်ရေးမှုများ ၊ ကျေးရွာအုပ်စုများ၏ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများ တို့နှင့်အတူပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

**၂၅.၈.၂၀၁၃ ခရီးစဉ်တွင် သထုံခရိုင် ၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၏ လက်ထောက်ညွှန်ကြားရေးမှူး ဖြစ်သူ ဒေါ်လှကေသီမာ မှ လိုက်ပါခဲ့ပြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် မြန်မာအင်ဂျီအိုများ၏ အရေးပေါ်တုံ့ပြန်မှုစီမံချက် တို့၏ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းစေ ရုံသာမက လုပ်ငန်းစဉ်များလည်း ပိုမိုထိရောက် စေပါသည်။**

### (၆) ရေသန့်ဆေးထုပ်များပေးဝေခဲ့မှုစာရင်း

| ကျေးရွာ/ရပ်ကွက် | အထုတ်အရေအတွက် | ပါကင် |
|---|---|---|
| ဘိုးလှကြီးရပ်ကွက် | ၂၄၀ | ၁ |
| ရွှေလှေ | ၂၄၀ | ၁ |
| နင်းပုလဲ | ၄၈၀ | ၂ |
| မြို့နယ်ကွပ်ကဲရေးရုံး | ၄၈၀ | ၂ |
| မြို့နယ်ကျန်းမာရေးဌာန | ၉၆၀ | ၄ |

အချို့သောနေရာများတွင်ရေသန့်ဆေးထုပ်များကို သုံးစွဲသည့် အလေ့အထမရှိသောကြောင့် မသောက်သုံးရဲကြ သဖြင့် မပေးဝေခဲ့ပါ။

## ၇။ Emergency Response Team ၏ မှတ်ချက်။

- ဒေသခံပြည်သူများသည် ယခုနှစ်ရေကြီးမှုဒဏ်ကို ယခင်နှစ်များထက် ပိုမိုခံစားရသည်မှာ မှန်သောလည်း နှစ်စဉ်အတွေ့ အကြုံ များအပေါ် အခြေ ခံသော ကြိုတင်ပြင်ဆင် မှုနှင့် တုံ့ပြန် မှု များကြောင့်ထိခိုက်ဆုံးရှုံးမှု နည်းပါးခဲ့ပါသည်။
- ရေကြီးနစ်မြုပ်မှုဒဏ်ကို အများဆုံး ခံစားရသော လူတန်းစားများမှာ ကျဘမ်းသမားများဖြစ်ပြီး ၊ ရေကြီးမှု ကြောင့် အခိုက်အတန့်(ရေကြီးနေစဉ်ကာလအတွင်း)

သာအလုပ်ရှားပါးမှု ပြဿနာ နှင့်ရင်ဆိုင်ခဲ့ရသည်။ ရေကျသွားချိန်တွင် အဆင်ပြေသွားမည် ဖြစ်သည်။

- စိုက်ပျိုးရေးကိုအခြေခံ သောလုပ်ငန်းများ ဖြင့် အသက်မွေးဝမ်းကျောင်းပြုသော အိမ်ထောင် မိသားစု များစွာရှိသည် ။။(ပန်းစိုက်ပျိုးရေး ၊ လယ် / စပါးစိုက်ပျိုးရေး ၊ ကိုင်း (ပဲအမျိုးမျိုး) ) လယ်သမား အများစုသည် ခေတ်မမီတော့သော စိုက်ပျိုးရေးနည်းစနစ်များအစား ၊ခေတ်မီ စိုက်ပျိုးနည်းစနည်၊ ခေတ်မမီတော့သော( မျိုး ) များ အစား ၊ခေတ်မီ သော (မျိုး) စေ့များ လိုအပ်လျှက်ရှိသည်။ ထို့အပြင် ထွက်ကုန်များအား သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ရောင်းချနိုင်မည့်ဈေးကွက် ၊ ပလ မြေများမကျန် အောင်စိုက်ပျိုးနိုင်ရန် ငွေအရင်းအနှီး စသည်ဖြင့် လိုအပ် ချက်များစွာ ရှိကြောင်း မှတ်ချက် ပြုပါသည်။
-

Reported by,

ERT Team

| | |
|---|---|
|  |  |
| RRD & ERT တို့မှ နှင်းပုလဲကျေးရွာတွင် လက်ကမ်းစာစောင်များနှင့်ရေသန့်ဆေးထုတ်များဝေငှစဉ် | RRD & ERT တို့မှ နှင်းပုလဲကျေးရွာတွင် Assessmentပြုလုပ်ရန်အတွက် မိတ်ဆက်ခြင်းအစီအစဉ် |
|  |  |
| နှင်းပုလဲကျေးရွာအတွင်းရှိရေကြီးနစ်မြုပ်နေ လယ်ကွင်းများ | ရွှေလေ့ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အတူ ပန်းစိုက်တောင်သူတစ်ဦး၏ စိုက်ခင်းသို့သွားရောက်ကြည့်ရှု |
|  |  |
| ပိန္နဲတောပရိယတ္တိစာသင်တိုက်တွင်ရေဘေးရှောင်နေကြသောဘိုးလှကြီးရပ်ကွက်အတွင်းရှိမိသားစုများအား ရေသန့် ဆေးအသုံးပြုပုံအားပြသ | ပိန္နဲတောပရိယတ္တိစာသင်တိုက်တွင်ရေဘေးရှောင်နေကြသောဘိုးလှကြီးရပ်ကွက်အတွင်းရှိမိသားစုအချို့နှင့် တွေ့ဆုံစဉ် |